# တိုင်းရင်းဆေးပညာဦးစီးဌာနတိုင်းရင်းဆေးခန်းသုံး ဆေးဖုံ့ဆေးနည်းများတွင် ပါဝင်ပေါင်းစပ်ထားသောဆေးမယ်များ၏ အလေးချိန်နှင့်အချိုးတို့ကိုအပေါ်မူတည်၍ ဆေးဖုံဆေးနည်းတည်ဆောက်ထားမှုများကို လေ့လာခြင်း




အဓိကသုတေသီ

ဦးဝင်းနိုင်

ဒုပါမောက္ခ-ဌာနမှူး

တိုင်းရင်းဆေးတက္ကသိုလ်




# နိဒါန်း

တိုင်းရင်းဆေးပညာဦးစီးဌာနသုံးတိုင်းရင်းဆေးဖုံများကို ရှေးနှစ်ပေါင်းများစွာ၊ရာစုနှစ်ပေါင်းများစွာကတည်းက အန္တရာယ်ကင်းရှင်းစွာသုံးစွဲခဲ့ကြပြီးမြန်မာပြည်သူလူထု၏ ကျန်းမာရေးကိုစောင့်ရှောက်ခဲ့ကြပါသည်။



ထိုကဲ့သို့သောဆေးဖုံများကိုရှေးခေတ်တိုင်းရင်းဆေးဆရာ
များ၊သမားတော်ကြီးများဖန်တီးတီထွင်ရာတွင်မည်သည့်
အကြောင်းအရာ၊မည်သည့်ဥပဒေသ၊မည်သည့်သီအိုရီကို
အခြေခံ၍သုံးစွဲခဲ့ကြသနည်း၊

ဆေးဖုံဆေးနည်းများကိုဖန်တီးတီထွင်ကြရာတွင်
ပါဝင်သောဆေးမယ်အရေအတွက်၊ပါဝင်သောဆေးမည်
တို့၏အာနိသင်၊အလေးချိန်၊အချိုးတို့ကိုမည်ကဲ့သို့
တွက်ဆခဲ့ပါသနည်း။

ပါဝင်သောဆေးမယ်တို့၏အကြောင်းအရာ၊အာနိသင်တို့ကိုတွက်ဆရာတွင်ရောဂါအညွှန်းဖြင့်တွက်ဆခဲ့ပါသလား၊ဥပဒေသ၊သီအိုရီအရတွက်ဆခဲ့ပါသလား၊သိရှိရန်လိုအပ်နေပါသည်။

ဆေးနည်းများပြုပြင်ပြောင်းလဲရာတွင်ခေတ်အခြေအနေကိုလိုက်၍ရာသီဥတု၊ရောဂါဖြစ်ပွားမှု၊ဆေးဝါးရှားပါးမှုစသည့်အခြေအနေများကိုလိုက်၍ပြောင်းလဲမှုရှိခဲ့သလားစသည့်ဖြင့်မေးခွန်းများပြည့်နှက်နေပါသည်။

ယနေ့ခေတ်ဆေးနည်းများတီထွင်မှု၊ဆေးဝါးဖေါ်စပ်မှုတွင်
ကြုံသလိုဆေးနည်းပြုလုပ်မှု၊ဆေးပစ္စည်းမရရှိနိုင်မှုကြောင့်
ကြုံသလိုအစားထိုးဆေးပစ္စည်းများသုံးစွဲမှုများကို
ကာကွယ်ရန်၊ ဆေးဖုံအသစ်တခုတင်ပြလာသည်ဆိုလျှင်
ပါဝင်သော ဆေးမယ်တို့၏ အချင်းချင်းဆီလျှော်မှု၊
စံကိုက်နည်းစနစ်များဖြင့် ဆေးမယ်တို့၏အလေးချိန်အချိုး
ထည့်ဝင်မှုရှိ၊မရှိ တို့ကို စိစစ်ရန် မှတ်ကျောက်တင်နိုင်သည့်
နည်းလမ်းများလိုအပ်နေပါသည်။

တိုင်းရင်းဆေးဖုံများ၏ ဆေးနည်းအသစ်များ တည်ဆောက်ရာတွင် ရှေးနည်းစနစ်များကိုအခြေခံ၍ တီထွင်နိုင်ရန်၊တိုင်းရင်းဆေးပညာ၏အနှစ်သာရကို အခြေခံ၍ပြုပြင်ဖန်တီးနိုင်ရန် လိုအပ်နေပါသဖြင့် ဤလေ့လာမှုကိုပြုလုပ်ရခြင်းဖြစ်ပါသည်။



# (၁) ယေဘုယျရည်ရွယ်ချက်

တိုင်းရင်းဆေးပညာဦးစီးဌာနသုံးဆေးဖုံများ(၅၇)ဖုံကို
အခြေခံ၍ဆေးနည်းဆေးဝါးများဖန်တီးခဲ့မှုများ
ကိုလေ့လာရန်



## (၂) အထူးရည်ရွယ်ချက်

(က)(၁)ပါဝင်သောဆေးအမယ်အလေးချိန်တူဆေးဖုံများကို ရွေးချယ်စာရင်းပြုလုပ်၍ ၎င်းဆေးဖုံများကို စုစည်းဖေါ်ထုတ်ရန်

(၂) ပါဝင်သောဆေးမယ်တို့၏အလေးချိန်အချိုး ကွဲပြားပြီး ဆတိုး၊ဆပွားပြုလုပ်ထားသော ဆေးဖုံများကို စုစည်းဖေါ်ထုတ်ရန်

(၃) ပါဝင်သောဆေးမယ်တို့၏အလေးချိန်အချိုးလုံးဝ ကွဲပြားသောဆေးဖုံများကိုစုစည်းဖေါ်ထုတ်ရန်

(ခ) အုပ်စုအလိုက်ထွက်ပေါ်လာသောဆေးနည်း
တည်ဆောက်သည့်နည်းစနစ်များ၊အသုံးပြုသည့်
နည်းလမ်းများကိုဖော်ပြနိုင်ရန်

# လေ့လာတွေ့ရှိမှု (၁)

## အလေးချိန်အမျှစီစုစနစ်



# လေ့လာတွေ့ရှိမှု (၁)

## အလေးချိန်အမျှစီစုစနစ်

အောက်ဖော်ပြပါဆေးဖုံတို့သည်အလေးချိန်အမျှစီစုစနစ်ဖြင့်တည်ဆောက်ထားသည်ကိုတွေ့ရှိရသည်။

(က) အပူဆေးဖုံ(၁၃)ဖုံနှင့်အအေးဆေးဖုံ(၆)ဖုံတို့ပါဝင်နေသည်ကိုတွေ့ရှိရသည်။

(ခ) ဆေးမယ်(၄)မျိုးမှ (၄၇)မျိုးအထိပါဝင်ပါသည်။

(ဂ) ပေါင်းစုအာနိသင်ဆေးများဖြစ်ပါသည်။



(ဃ) အာကာသအခိကရစေသောအဖျားကျဆေး၊အခိုးပွင့်ဆေး၊
သွေးဆေးပူ၊ မီးယပ်ရောဂါကုသောက်ဆေး၊
လိမ်းဆေးအမျိုးမျိုး(မီးယပ်၊ကလေး၊အကြော၊အနာပေါက်)၊
လေဆေး၊ဝမ်းပိတ်ဆေး၊အစာကြေဆေး၊လျှာပွတ်ဆေး၊
သူငယ်နာသောက်ဆေးတို့ပါဝင်ပါသည်။

အများအားဖြင့်

(၁)သီတနှင့်ဥဏှပထဝီဆေးအမျိုးစား၊

(၂) အခိုးပွင့်ဆေး၊

(၃) သည်းခြေအပူငြိမ်ဆေး၊အပူငြိမ်းဆေးတို့တွင် အထက်ပါနည်းကိုသုံးစွဲသည်ဟုယူဆနိုင်ပါသည်။

ဆေးဖုံ(၅၇)ဖုံတွင်ပါဝင်သောဆေးမယ်ဆေးပစ္စည်းတို့၏
အလေးချိန်တူအမျှစီစုထားသောဆေးဖုံများမှာ

(၁) ဆေးဖုံအမှတ် (၃က) ဆားငါးပါးဆေး၊
ပါဝင်သောဆေးမယ် (၅) မျိုး

(၂) ဆေးဖုံအမှတ် (၁၇) သွေးဆေးနီကြီး၊
ပါဝင်သောဆေးမယ် (၂၀) မျိုး

(၃) ဆေးဖုံအမှတ် (၁၈) ကဏ္ဍာဒုမ္ဗရဆေး
ပါဝင်သောဆေးမယ် (၁၀) မျိုး

(၄) ဆေးဖုံအမှတ် (၁၉) သီရိစန္ဒနဆေး၊
ပါဝင်သောဆေးမယ် (၁၅) မျိုး

(၅) ဆေးအမှတ် (၂၂) အေးပိတ်ဆေး၊
ပါဝင်သောဆေးမယ် (၈) မျိုး

(၆) ဆေးအမှတ် (၃၀) မဟာကတ္တောလိဆေး၊
ပါဝင်သောဆေးမယ် (၂၀) မျိုး

(၇) ဆေးအမှတ် (၃၁) ကန့်ချုပ်ပဒေသာဆေး၊
ပါဝင်သောဆေးမယ်(၂၀) မျိုး

(၈) ဆေးအမှတ် (၃၂) နန်းတွင်းလျှာပွတ်ဆေး၊
ပါဝင်သောဆေးမယ်(၂၄) မျိုး

(၉) ဆေးအမှတ် (၃၅-က) ဇာတိလဝင်္ဂဆေး၊
ပါဝင်သောဆေးမယ်(၂၃) မျိုး

(၁၀) ဆေးအမှတ် (၃၅-ခ) ဇာတိလဝင်္ဂဆေးကြီး၊
ပါဝင်သောဆေးမယ်(၃၇) မျိုး
(၁၁) ဆေးအမှတ် (၃၆) သောမိဿရလောဟိတဆေး၊
ပါဝင်သောဆေးမယ် (၄၇) မျိုး
(၁၂) ဆေးအမှတ် (၃၉ ) မဟာသံဝတ္တာဘယာဆေး၊
ပါဝင်သောဆေးမယ် (၂၄) မျိုး
(၁၃) ဆေးအမှတ် (၄၁)ဝမ်းမီးတောက်ဆေး၊
ပါဝင်သောဆေးမယ် (၂၀) မျိုး
(၁၄) ဆေးအမှတ် (၄၃)အကင်းဆယ်ပါးဆေး၊
ပါဝင်သောဆေးမယ် (၁၅) မျိုး

(၁၅) ဆေးအမှတ် (၄၆) မီးယပ်လိမ်းဆေး၊
ပါဝင်သောဆေးမယ်(၆) မျိုး

(၁၆) ဆေးအမှတ် (၄၇)ခုနှစ်ပါးဆေးဝါလေးဆေး၊
ပါဝင်သောဆေးမယ်(၇) မျိုး

(၁၇) ဆေးအမှတ်(၅၂) မင်းလေးပါးဆေး
ပါဝင်သောဆေးမယ် (၄)မျိုး

(၁၈) ဆေးအမှတ်(၅၅)အနာပေါက် (လိမ်းဆေး)
ပါဝင်သောဆေးမယ်(၅)မျိုး

(၁၉) ဆေးအမှတ်(၄၂)ဥက္ကာပထဝီဆေးမှာ အထက်ပါ
ဆေးဖုံများနှင့်တည်ဆောက်ပုံ(၇)မျိုးတူညီသော်လည်း
ကျန်ဆေးမယ်(၂)မျိုးကို အလေးချိန်လျှော့ထားသည်။
အပူဆေး၊ဥက္ကာပထဝီဆေး။အားဆေးအမျိုးအစား
ဖြစ်ပါသည်

အထက်ဖော်ပြပါ၊ဆေးနည်းများကိုဆေးမယ်များ
အလေးချိန်အမျှစီစုစနစ်ဖြင့်ဆေးနည်းများတည်ဆောက်
ထားသည်ကိုတွေ့ရှိရပါသည်။

# အမျစိစုဆေးနည်းများ၏
# ကျမ်းရင်းလင်္ကာများနှင့်
# အဆိုအမိန့်များ



# (၁) ဟာလိဒ္ဒစုဏ္ဏဆေး

(က)ခွေးဆောင်ဆရာကြီး၏သမားစဉ်ကုထုံးကျမ်း
အဖျားရောဂါကုထုံးပိုင်းစာမျက်နှာ (၇၂) တွင်
ဟာလိဒ္ဒစုဏ္ဏဆေးဖော်နည်းကား

| | |
|---|---|
| (၁) နနွင်းတက် | (၂) စမုံနက် |
| (၃)ယမ်း | (၄) ဆပ်ပြာ |
| (၅) ထုံး | (၆) ကြပ်ခိုး |
| (၇) ပဲကြီးစေ့(မီးကျွမ်း) | (၈) ယောက်သွား(မီးကျွမ်း) |
| (၉) ခရုဇီးဇင်း(မီးကျွမ်း) | (၁၀) ထန်းနို့(မီးကျွမ်း) |
| (၁၁) ဆားလှော် | |

သည်ဆေး (၁၁)ပါးအားလုံးအမျှစီကြိတ်၍
ညက်စွာအမှုန့်ပြု၍ထား။

သည်ဆေးအကျိုးကား- ငန်းသန္ဒိပါတ်အပူဖျားကို ရေအေးရေကျက် သင့်ရာကို ဆင်ခြင်၍တိုက်ပါသည်၊ သလိပ်ခြောက်သော် - သလိပ်ကပ်သော်- သလိပ်ခြောက်၍ စကားမဆိုနိုင်သော် သည်ဆေးကို တနေ့၃ကြိမ် ၄-ကြိမ်တန်သည် ညဉ့်နေ့ မည်သည့်အချိန်မဆို ဆင်ခြင်၍ အပူနှင့် စပ်သမျှ အနာတို့ကိုတိုက်ပါသည်။

(ခ)ခံဖူးဆရာတော်၏ သက်ခေါင့်ကူထုံးကျမ်း
စာမျက်နှာ (၂၅၀)တွင်
နန္ဒင်းစမုံနက်၊ မဖောက်ထုံး၊ ယမ်းစိမ်း၊ ဆပ်ပြာ၊ ကြပ်ခိုး၊ ယောက်သွားကျွမ်း၊ ခရုဇီးဇင်းကျွမ်း၊ ထန်ို့ကျွမ်း၊ ပဲစေ့ကျွမ်း၊ ဆားလှော် အားလုံး ၁၁ပါး အမျှစီ။ ။ ရင်ပြည့်ကောင်း၏ဟုဆိုသည်။

## (၂) ဆေးဖုံ့အမှတ်(၁၈)ကကျော္ဒုမ္ဗရဆေး

ခွေးဆောင်ဆရာကြီး၏သမားစဉ်ကူ့ထုံ့းကျမ်း စာမျက်နှာ(၇၇)အဖျားရောဂါကုထုံးပိုင်းတွင်ကကျော္ဒုမ္ဗရဆေးနည်း၌ဆေးမယ်(၉)မျိုးအမှုစီစုညက်စွာကြိတ်၍ ဇီးကင်းခန့်တိုက်ပါသည်။မူရင်းဆေးနည်းတွင်ရှားနှစ်မပါပါ။ ဌာနသုံးဆေးတွင်ဆေးမယ်တစ်မယ်တိုး၍ရှားနှစ်ကိုထည့်သွင်းထားသည်။

## (၃) ဆေးဖုံ့အမှတ်(၃၀) မဟာကကော္ကာလိဆေး

ခွေးဆောင်ဆရာကြီး၏သမားစဉ်ကူ့ထုံ့းကျမ်း စာမျက်နှာ(၂၂၈) အရှူးရောဂါကုထုံးပိုင်းတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ မူရင်းဆေးနည်းတွင် ဆေးမယ်(၂၉) မျိုးသာရှိသော်လည်း ကက္ကုကမည်းအသီးပါ ထည့်သွင်းသဖြင့် ဆေးမယ်(၃၀) ကို အမှုစီစုအသုံးပြုကြသည်။

# (၄)ဆေးဖို့အမှတ်(၁၇)သွေးဆေးနီကြီး

ခွေးဆောင်ဆရာကြီး၏သမားစဉ်ကူထုံးကျမ်း

စာမျက်နှာ(၂၂၁) အရှူးရောဂါကုထုံးပိုင်းတွင်

ဖော်ပြထားသည်ကိုတွေ့ရသည်။ ဆေးမယ်အပါးနှစ်ဆယ်ကို အမှုစု

သကြားရည်ဆွတ်၍ကြိတ်သကြားနှင့်ပင်တိုက်ပါစေသည်။အမည်ကား

ဆေးနီကြီးတည်း။

ယခုသုံးစွဲသောသွေးဆေးနီကြီးဆေးနည်းနှင့်ကွာခြားမှုမရှိပါ။

# (၅) ဆေးဖွံ့အမှတ်(၄၇) ခုနှစ်ပါးဆေးဝါလေး

နရသုခိအဓိပ္ပာယ်ကျမ်း စာမျက်နှာ (၁၅၃)

သူငယ်နာကုနည်းတွင်ပြဆိုထားသည်မှာ

သူငယ်ဆေးကို၊ သံချိုပုံ့ပျူး၊ နိဒါန်းကျူးအံ့။၁။ ဆိတ်ဖူး
လင်းလေ၊ နွားမြေရင်းဆို၊ ဟိန်းဂိုလ်ကြက္ကဿရမ္မလီ၊ တူညီဝါရွှန်း၊
ကန့်ဆေးဒါန်းကို၊ ပက်ဖျန်းပုန်းရည်၊ ကြည်ကြည်နှင့်သာ၊ ကြိတ်ပြီး
ခါဝယ်၊ သညာတံဆိပ်၊ သလိပ်ပုပ်ဖြတ်၊ ဆေးဟုမှတ်မှ၊ ကောင်းမြတ်
သွေ့သွေ့၊ တောင့်၍လှန်းဘိ။၁။ အပုပ်ရှိကြောင့်၊ မခိုဆောလျှင်၊
ရှောင်တခင်၌၊ အကြွင်သူငယ်၊ ကြောက်ပွယ်တက်သော်၊ ဆီနှင့်ဖျော်၍၊
နံပေါ်ရင်ဝမ်း၊ လိမ်းစတမ်းတည်း။၁။ ကြောင်းလမ်းတတန်၊
သလိပ်ဆန်မူ၊ လျှင်မြန်လှစွာ ရေမျိုကသည်၊ ရင်ဝတိုင်သား၊
ထိုစပ်ကြားကို၊ ခတ်ထားကြက်ခြေ။၁။ ဆီးချုပ်လေသော်

ချက်ဗွေလယ်တည့်၊ သုံးပတ်လှည့်မှ၊ ယင်းသည့်အောက်သို့၊ ကြို့ရှဲဆွဲသုတ်။၁။ လေပုပ်မွမ်းဆောင်၊ ဝမ်းဖောရောင်မှု၊ ကြာအောင်မငုံ၊ ရွေးလောက်ခွံ့မှ၊ ဆုတ်ညှံ့အနာ၊ ရှင်းရှင်းကွာသည်။ ။ရောဂါမိုးသို့ မစွေတည်း။၁။

## (၆) ဆေးဖုံ့အမှတ်(၃၁) ကန့်ချုပ်ပဒေသာဆေး

မူရင်းဆေးနည်းမှာကန့်ချုပ်ခပေါင်းဆေးသာဖြစ်ပါသည်။

-ဓါတုဝိနိစ္ဆယကျမ်း စာမျက်နှာ (၂၀၈)

တံဆောင်ပမာ။ မှတ်သားရာသည်။ဘယာဗျာဓိက္ကတ္ထိမယ်လျှ။မင်း
မိန်းမတို့၊ဒုက္ခတွေကြုံ။ဂုဏ်ဝိသေသ။ဘေသဇ္ဇကို။ထုတ်ဘော်ဆိုအပ်။နဂို
အဟုတ်။ကန့်ချုပ်ခပေါင်း ထပ်လောင်းဖွားဘက်ပေါက်နက်၊ ငဖုံးဆေး၊
လေးညှင်းခေါ်ဆို။ဇာဒိပ်ဖိုလ်၊စမုံနက်၊ထည့်စွက်အော်လဲ။ဆေးပုလဲ၊
လင်းနေ၊ ငပြေရင်ငစိုင်ယူသင်းဝင်၊ပေါက်ဖြူပညာလက်ာ ငါးပါးစမုံမျိုး၊
အကျိုးရှိဘွယ်၊ပေါင်းနှစ်ဆယ်ကိုအလွယ်စည်းရုံး။

အခြားကန့်ချုပ်ပဒေသာဆေးနည်းရှိပါသေးသည်။ ဆေးအမည်တူသော်လည်းပါဝင်သောဆေးမယ်များ ကွာခြားမှုရှိသည်။

ဆရာကြီးတွံတေးဦးဘိုးမင်း၏ရူပဝိနိစယကျမ်း စာမျက်နှာ(၁၈၄)အာပေါ်အဓိကရူပဝိနိစယကဏ္ဍတွင် စမုံမျိုးငါးပါး၊ပန်းမ၊ပန်းဥ၊စူလာနဖား၊ပတ္တရသချေ်၊ဆောင်း မေးခါး၊ကွတ်ကရာ၊ဇာတိဖိုလ်သီး၊လေးညှင်း၊တမြိတ်၊ ကရဝေးရွက်၊ဖာလာ၊သစ်ကျပိုး၊ဤဆေးဆယ်ပါးအလေး ကန့်ကော်ဝတ်ဆံ၊(၁၈)ပါးအလေးဆေးပုလဲ၊ (၁၈)ပါးအလေးပိတ်ချင်း၊၎င်း(၂၁)ပါးကိုသုံးစုစု ၊တစုအလေးကန့်ချုပ်နီ။၎င်းဆေးသည်ဉဏ်ပထဝီကိုအား ရှိစေတတ်သောဆေးတည်း။

# လေ့လာတွေ့ရှိမှု (၂)
# ကလာပ်ဆေးနည်းစနစ်



# လေ့လာတွေ့ရှိမှု (၂)

အောက်ဖေါ်ပြပါဆေးဖုံတို့တွင် စတင်တည်ဆောက်ထည့်ဝင်ထားသောအရန်ဆေးမယ်အားလုံး၏စုစုပေါင်း အလေးချိန်ကို ကဲသောဆေးမယ်၏အလေးချိန်သတ်မှတ်၍ ထည့်ဝင်တည်ဆောက်ထားသောဆေးနည်းများအဖြစ်တွေ့ရှိရသည်။

(က)အပူဆေး၊အအေးဆေး (၂)မျိုးစလုံး ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

(ခ)လေဆေး၊သက်သောဆေး၊ဝါယောကြေစေသော ဆေးဖုံများအများစုပါဝင်နေသည်ကိုတွေ့ရှိရပါသည်။



(ဂ) ဝမ်းသက်ဆေး၊ဝမ်းပျော့ဆေးဖုံများအများစု
ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

(ဃ) အာကာသဓာတ်ကိုပါရစေသောသွေးဆေးအအေး
ဖေါ်စပ်ရာတွင်လည်းယခုနည်းစနစ်ကိုတွေ့ရှိရသည်။

(င) လေငန်းဆေး၊ထုံနာကျင်နာဆေး၊
အကိုက်ခဲပျောက်ဆေးနည်းတို့တွင်သုံးစွဲသည်ဟု
ယူဆနိုင်ပါသည်။

ဆေးပုံအမှတ် (၁၁) မှတ်ကဲဆေး

ဆေးပုံအမှတ် (၂၀) မဟာကလျာဏီဆေး

ဆေးပုံအမှတ် (၂၃) ဝေသာရဒ္ဓဆေးပုလဲကလာပ်

ဆေးပုံအမှတ် (၂၈) သက်ရင်းကလာပ်ဆေး

ဆေးပုံအမှတ် (၃၈) ကပ္ပုရာဒိမြင်းသေမြက်ကဲဆေး

ဆေးပုံအမှတ် (၄၄) ကတိုးလိမ်းဆေး

ဆေးပုံအမှတ် (၅၁) နှာရှိုးရှိုးဆေး



(က)အထက်ပါနည်းတွင်ကဲသောဆေးမယ်၏
မလိုလားအပ်သောအာနိသင်ကိုထိန်းချုပ်ရန်

(ခ) ကဲသောဆေးမယ်၏ဆေးဖက်ဝင်အာနိသင်ကို
ပံ့ပိုးရန်အရန်ဆေးမယ်များထည့်ပါသည်။

(ဂ) ကလာပ်ဆေးဖုံအများစုတွင်တွေ့ရသဖြင့်
ကလာပ်ဆေးနည်း ဟုခေါ်သင့်ပါသည်။



## (၁) ဆေးအမှတ်(၁၁)မုတ်ကဲဆေး

ပါဝင်သောဆေးမယ်(၁၇)မျိုး

စတင်တည်ဆောက်သောအရန်ဆေးမယ်

အလေးချိန်(၈)ကျပ်

ကဲသောဆေးမယ်မုတ်ခါးအလေးချိန်(၈)ကျပ်



# (၁) ဆေးအမှတ်(၁၁)မှတ်ကဲဆေး



| | | |
|---|---|---|
| (၁) | စမုန်စပါး | ၈ပဲ |
| (၂) | စမုန်ဖြူ | ၈ပဲ |
| (၃) | စမုန်ညို | ၈ပဲ |
| (၄) | စမုန်ဖွဲ | ၈ပဲ |
| (၅) | စမုန်နီ | ၈ပဲ |
| (၆) | ဇာသီး | ၈ပဲ |
| (၇) | လေးညှင်း | ၈ပဲ |
| (၈) | စမုန်နက် | ၈ပဲ |
| (၉) | ကျောက်ခက် | ၈ပဲ |
| (၁၀) | ကျောက်စက် | ၈ပဲ |
| (၁၁) | ကျောက်ပွင့် | ၈ပဲ |
| (၁၂) | ကျောက်မြုပ် | ၈ပဲ |
| (၁၃) | ကြွေပုတ် | ၈ပဲ |
| (၁၄) | ကျောက်ချဉ် | ၈ပဲ |
| (၁၅) | ဇဝက်သာ | ၈ပဲ |
| (၁၆) | လိပ်ကျောက်ဆူး | ၈ပဲ |

ကျပ်

**ကဲသောဆေးမယ်** မှတ်ခါး ကျပ်

**စုစုပေါင်း** ၁၆ကျပ်

ချည ဖြညေါ ( ဏနိုငအေမငချ)

# (၂) ဆေးအမှတ်(၂၃)ဝေသာရဇ္ဇဆေးပုလဲကလာပ်

- စတင်တည်ဆောက်သောအရန်ဆေးမယ်(၂၄)မျိုး
  အလေးချိန်(၂၄)ကျပ်
- ဆေးပုလဲအလေးချိန် ⟶ (၂၄)ကျပ်



# (၂) ဆေးဖွံ့အမှတ်(၂၃)ဆေးပွဲလဲကလာပ်ဆေး

- (၁) သဘော်ချင်းခြောက် ၁ ကျပ်
- (၂) ငရုပ်ကောင်း ၁ ကျပ်
- (၃) ပိတ်ချင်းသီး ၁ ကျပ်
- (၄) စမုန်စပါး ၁ ကျပ်
- (၅) စမုန်ဖြူ ၁ ကျပ်
- (၆) စမုန်ညို ၁ ကျပ်
- (၇) စမုန်ဖွဲ ၁ ကျပ်
- (၈) စမုန်နီ ၁ ကျပ်
- (၉) ကြက်သွန်ဖြူ ၁ ကျပ်
- (၁၀) အိပ်မွှေးသီး ၁ ကျပ်
- (၁၁) ဖာလာ ၁ ကျပ်
- (၁၂) စမြိတ် ၁ ကျပ်
- (၁၃) ဆင်သမန္တယ် ၁ ကျပ်
- (၁၄) ပိတ်ချင်းမြစ် ၁ ကျပ်
- (၁၅) ကန့်ချုပ်နီ ၁ ကျပ်
- (၁၆) ပန်းဥ ၁ ကျပ်
- (၁၇ ဇီယာ ၁ ကျပ်
- (၁၈) ကရဝေးရွက် ၁ကျပ်
- (၁၉) ဇာတိပ္ဖိုလ်သီး ၁ ကျပ်
- (၂၀) လေးညှင်း ၁ ကျပ်
- (၂၁) စူလာနဖာ ၁ ကျပ်
- (၂၂) စတုခါးမြစ် ၁ ကျပ်
- (၂၃) ရှိန်းခို ၁ ကျပ်
- (၂၄) သိန္ဓော ၁ ကျပ်



အရန်ဆေးမယ်အလေးချိန်စုစုပေါင်း ၂၄ကျပ်

(၂၅) ဆေးပုလဲ ၂၄ ကျပ်

(ကဲသောဆေးမယ်အလေးချိန် = အရန်ဆေးမယ်အလေးချိန်စုစုပေါင်း)

# (၃)ဆေးအမှတ်(၂၈)သက်ရင်းကလာပ်ဆေး

စတင်တည်ဆောက်သောအရန်ဆေးမယ်(၉)မျိုး

အလေးချိန်(၉)ကျပ်

ကဲသောဆေးမယ်သက်ရင်းကြီးအလေးချိန်(၉)ကျပ်





# ဆေးပုံအမှတ်(၂၈) သက်ရင်းကလာပ်ဆေး



| | | |
|---|---|---|
| (၁) | ငရုတ်ကောင်း | ၁ကျပ် |
| (၂) | ပိတ်ချင်းသီး | ၁ကျပ် |
| (၃) | ချင်း | ၁ကျပ် |
| (၄) | ဆေးပုလဲ | ၁ကျပ် |
| (၅) | အော်လဲ | ၁ကျပ် |
| (၆) | ဇော်ချမ်းမြစ် | ၁ကျပ် |
| (၇) | ခတက်ခေါက် | ၁ကျပ် |
| (၈) | ဆူးကောက်နက် | ၁ကျပ် |
| (၉) | ဆားလှော် | ၁ကျပ် |
| (၁၀) | သက်ရင်းကြီးမြစ် | ၉ကျပ် |

ဆေးဖုံအလေးချိန် စုစုပေါင်း၁၈ကျပ်

၉ကျပ် (အရန်ဆေးမယ်)

\+

ကဲသောဆေးမယ်၉ကျပ်

၁၈ကျပ်

# (၄)ဆေးပုံ့အမှတ်(၂၀) မဟာကလျာဏီဆေး

စတင်တည်ဆောက်သောအရန်ဆေးမယ်(၃၇)မျိုး

**အားလုံးအမျှစီစု**

**အားလုံးအလေးချိန်စန္ဒကူးနီ**

ခွေးဆောင်ဆရာကြီး၏သမားစဉ်ကုထုံးကျမ်း
စာမျက်နှာ (၁၂၉၊၁၃၀)ပါဒရက်ရောဂါကုထုံးပိုင်းတွင်
ပြဆိုထားသည်။ မူရင်းဆေးအမည်မှာ သာရကလျာဏီ
ဖြစ်သည်။နှောင်းလူများသည်အထက်ပါဆေးနည်းကို
ပြုပြင်သုံးစွဲကြသည်။



## (၅)ဆေးပုံအမှတ်(၃၈)ကပ္ပူရာဒိမြင်းသေမြက်ကဲဆေး

စတင်တည်ဆောက်သောအရန်ဆေးမယ်(၂၈ )မျိုး

အလေးချိန်(၂၈ )ကျပ်

မြင်းသေမြက်အလေးချိန်(၂၈)ကျပ်

ခွေးဆောင်ဆရာကြီး၏သမားစဉ်ကုထုံးကျမ်းစာမျက်နှာ (၉၈) မူရင်းကပ္ပူရာဒိမြင်းသေမြက်ကဲဆေး တွင် အရန်ဆေးမယ် (၁၆) ပါး တမူးစီစု၊ အားလုံးအလေး မြင်းသေမြက်၊ ငရုတ်ကောင်းအလေးဆေးတပါးနှစ်ဆ၊ ချေးသီးဆေးတပါးဆယ်ဆ၊ ရှမ်းထင်းရှူးဆေးတပါးသုံးဆ၊ အားလုံးစုညက်စွာအမှုန့်ပြု၍ထားဟုပြဆိုထားသော်လည်း နှောင်းလူများသည် အထက်ပါဆေးနည်းအတိုင်းပြုပြင်သုံးစွဲ

# (၄)ကပ္ပူရာဒိ မြင်းသေမြက်ကဲဆေး

- (၁) ပန်းနု ၁ ကျပ်
- (၂) ပန်းမ ၁ ကျပ်
- (၃) စူလာနဖာ ၁ ကျပ်
- (၄) ဆောင်းမေးခါး ၁ ကျပ်
- (၅) ကတ္တရသချေဉ် ၁ ကျပ်
- (၆) ပိတ်ချင်းသီး ၁ ကျပ်
- (၇) ဖာလာငယ် ၁ ကျပ်
- (၈) စမုန်စပါး ၁ ကျပ်
- (၉) စမုန်ဖြူ ၁ ကျပ်
- (၁၀) စမုန်ညို ၁ ကျပ်
- (၁၁) စမုန်ဖွဲ ၁ ကျပ်
- (၁၂) စမုန်နီ ၁ ကျပ်
- (၁၃) ငရုတ်ကောင်း ၁ ကျပ်
- (၁၄) ပိတ်ချင်းသီး ၁ ကျပ်
- (၁၅) ချင်း ၁ ကျပ်
- (၁၆) ပိတ်ချင်းမြစ် ၁ ကျပ်
- (၁၇) ကန့်ချုပ်နီ ၁ ကျပ်
- (၁၈) စမုန်ညို(စမြိတ်) ၁ ကျပ်
- (၁၉) ရဝေးရွက် ၁ ကျပ်
- (၂၀) ဆီမီးတောက်ဥ ၁ကျပ်

Win Naing ( Paed



- (၂၁) ဇာတိပ္ဖိုလ်သီး ၁ ကျပ်
- (၂၂) ထင်းရှူး ၁ ကျပ်
- (၂၃) ချေးသီး ၁ ကျပ်
- (၂၄) ဆင်သမနွယ် ၁ ကျပ်
- (၂၅) ငရုတ်ကောင်း ၁ ကျပ်
- (၂၆)လက်ချား ၁ ကျပ်
- (၂၇) ပရုတ် ၁ ကျပ်
- (၂၈) သိန္ဓော ၁ ကျပ်

အရန်ဆေးမယ်အလေးချိန်စုစုပေါင်း ၂၈ကျပ်

(၂၉) မြင်းသေမြက် ၂၈ကျပ် (ကဲသောဆေးမယ်အလေးချိန်=အရန်ဆေးမယ်အလေးချိန်စုစုပေါင်း)

# ဆေးဖို့အမှတ် (၄၄) ကတိုးလိမ်းဆေး

(၁) ကတိုး ၂ပဲသား

(၂) ဖိုးမသိန် ၈ပဲသား

(၃) ပရုတ် ၈ပဲသား

(၄) ပဲဆိမ့်နီမြစ် ၃ကျပ်သား

(၅) ပန်းနု ၃ကျပ်သား

(၆) ပန်းမ ၃ကျပ်သား

(၇) ကံ့ကော်ဝတ်ဆံ ၄ကျပ်သား

(၈) က္ကုန္ဒနီကျောက် ၄ကျပ်သား

(၉) ရိုးတုံ ၄ကျပ်သား



| | | |
|---|---|---|
| (၁၀) | ချောင်းကြား | ၄ကျပ်သား |
| (၁၁) | ဥပသကာ | ၄ကျပ်သား |
| (၁၂) | နံ့သာနီ | ၅ကျပ်သား |
| (၁၃) | နံ့သာဖြူ | ၅ကျပ်သား |
| (၁၄) | ပဲနံ့သာ | ၅ကျပ်သား |
| | အရန်ဆေးမယ် (၁၄)မျိုးအလေးချိန် | ၄၅ကျပ်သား |
| (၁၅) | ပန်းညိုရွက် | ၄၅ကျပ်သား |
| | စုစုပေါင်း | ၉၀ကျပ်သား၂ပဲသား |



# ဆေးပုံအမှတ် (၅၁) နှာရိုးရိုးဆေး



| | | |
|---|---|---|
| (၁) ပရုပ် | ၄ပဲ | |
| (၂) လက်ထုတ်ခေါက် | ၄ပဲ | |
| (၃) မြန်မာကုက္ကိုခေါက် | ၄ပဲ | |
| (၄) ကျည်းသီးဆံ | ၈ပဲ | |
| (၅) ကန့်ပလူဥ | ၈ပဲ | ၆ကျပ် ၄ပဲ |
| (၆) ဂမုန်းဥ(နေမင်းဂမုန်း) | ၈ပဲ | |
| (၇) နံ့သာဖြူ | ၁ကျပ် | |
| (၈) ပဲနံ့သာစေ့ | ၁ကျပ် | |
| (၉) သစ်ကြံပိုး | ၁ကျပ် | |
| (၁၀) မာလာနွယ် | | ၆ကျပ် ၄ ပဲ |
| (၁၁) စုစုပေါင်း | ၁၂ ကျပ် ၈ပဲ | |

(၃)အထက်ပါကလာပ်နည်းကို့ခဲ့ထွင်သောနည်းများတွေ့ရှိချက်

(က)ကဲသောဆေးမယ်ကိုတစ်မျိုးတည်းမဟုတ်ဘဲ

နှင့်(၂)မျိုးထက်များ၍ကဲခြင်း

(ခ) အလေးချိန်တဝက်သာကဲခြင်း

(ဂ) အလေးချိန်ဆတူထက်လျော့၍ကဲခြင်း

(ဃ)အလေးချိန်ဆတိုးတဆင့်စီကဲခြင်း



တို့ကိုတွေ့ရှိရပါသည်။

(၄) အလေးချိန်ဆတိုးမဟုတ်ဘဲတဆင့်စီတိုးသောဆေးနည်း

(၅) ကလာပ်နည်း၊အမျှစီစုတို့နှင့်ဆင်တူသောဆေးနည်းများ

(၆) ဆေးဖုံ့အချို့၏လွန်ကဲသောအလေးချိန်အချိုးများဖြင့်ဖေါ်

စပ်သောဆေးနည်းများ Win Naing ( Paediatrics)UTM

# (၃) ကလာပ်နည်းကိုချဲ့ထွင်သော နည်းများ



# ကလာပ်နည်းကို့ခွဲ့ထွင်သောနည်းများ

(က)ကဲသောဆေးမယ်ကိုတစ်မျိုးတည်းမဟုတ်ဘဲ (၂)မျိုး

(သို့မဟုတ်) (၂)မျိုး အထက်များ၍ကဲခြင်း

ဆေးဖုံအမှတ်(၉) (ဆီးဒူလာဆေးနည်း)ဆေးနည်း

ဆေးဖုံအမှတ်(၃၄) (သူငယ်နာမုတ်လေးစင်း)ဆေးနည်း

# ဆေးဖုံ့အမှတ်(၉) (ဆီးဒူလာဆေးနည်း)ဆေးနည်း

- (၁) ပင်လယ်ရေမြုပ် ၈ ပဲ
- (၂) ကြွေပုပ် ၈ ပဲ
- (၃) လိပ်ကျောက်ဆူး ၁ ကျပ် (တဆတိုး)
- (၄) အလိုကျူ ၁ ကျပ် (တဆတိုး)
- (၅) နွယ်ချို ၁ ကျပ် တဆတိုး)
- (၆) ကြစု ၁ ကျပ် (တဆတိုး)
- (၇) ဆားပုတ် ၂ ကျပ် (နှစ်ဆတိုး)
- (၈) သိန္ဓော ၂ ကျပ် (နှစ်ဆတိုး)
- (၉) ဇဝက်သာ ၂ ကျပ် (နှစ်ဆတိုး)

ဆေးမယ် (၉) မျိုး၏အလေးချိန် ၁၁ ကျပ်

## ကဲသောဆေးမယ်များ

- (၁၀) မင်းကိုးကာ ၃ ကျပ်
- (၁၁) ပွေးကိုင်း ၈ကျပ်

ကဲသောနှစ်မျိုးပေါင်းအလေးချိန် ၁၁ ကျပ်

စုစုပေါင်းအလေးချိန် ၂၂ ကျပ်သား

# ဆေးဖုံ့အမှတ်(၃၄) (သွှငယ်နှာမှုတ်လေးစင်း)ဆေးနည်း

- (၁) ရှိန်းခို ၁ ကျပ်သား
- (၂) လက်ခြား ၁ ကျပ်သား
- (၃) စမြိတ် ၁ ကျပ်သား
- (၄) အိပ်မွေ့သီး ၁ ကျပ်သား
- (၅) ကန့်ချုပ်နီ ၁ ကျပ်သား
- (၆) လင်းလေ ၁ ကျပ်သား
- (၇) ဆေးဒန်း ၁ ကျပ်သား
- (၈) ကန့် ၁ ကျပ်သား
- (၉) ဇာတိပ္ပိုလ်သီး ၁ ကျပ်သား
- (၁၀) လေးညှင်း ၁ ကျပ်သား
- (၁၁) ကတ္တရသခဲ့ ၁ ကျပ်သား
- (၁၂) ကံ့ကော်ဝတ်ဆံ ၁ ကျပ်သား
- (၁၃) နံ့သာနီ ၁ ကျပ်သား
- (၁၄) နံ့သာဖြူ ၁ ကျပ်သား
- (၁၅) ကြက်သွန်နီ ၁ ကျပ်သား
- (၁၆) ကြက်သွန်ဖြူ ၂ ကျပ်သား
- (၁၇) ဣဿရမူလီ ၁ ကျပ်သား
- (၁၈) ပဥ္စကာနီသီး ၁ ကျပ်သား
- (၁၉) စူလာနဖာ ၁ ကျပ်သား
- (၂၀) သစ်ကြပိုး ၁ ကျပ်သား
- (၂၁) ပန်းနု ၁ ကျပ်သား
- (၂၂) ပန်းမ ၁ ကျပ်သား
- (၂၃) ကျားနို့ (သို့) ကျားရိုး ၁ ကျပ်သား
- (၂၄) ကတိုးကြောင်သို ၁ ကျပ်သား
- (၂၅) ငရုပ်ကောင်း ၁ ကျပ်သား
- (၂၆) ပိတ်ချင်း ၁ ကျပ်သား
- (၂၇) ချင်းခြောက် ၁ ကျပ်သား
- (၂၈) စမုန်မျိုးငါးပါး (၁ကျပ်သားစီ)၅ ကျပ်သား

# ဆေးဖုံ့အမှတ်(၃၄) (သူငယ်နာမှုတ်လေးစင်း)ဆေးနည်း

- စတင်တည်ဆောက်သောဆေးရင်းအချိန် ⟶ ၃၂ ကျပ်သား

ကဲသောဆေးမယ်အလေးချိန်

- (၂၉) လင်းလေ ၈ ကျပ်သား
- (၃၀) ရှိန်းခို ၈ ကျပ်သား
- (၃၁) စမုန်နက် ၈ ကျပ်သား
- (၃၂) ကြောင်ပန်းရွက် ၈ ကျပ်သား

၃၂ ကျပ်သား

-------------

**နှစ်မျိုးပေါင်း** **၆၄ ကျပ်သား**

# (ဂ)အလေးချိန်ဆတူထက်ပိုမို၍ ကဲခြင်း

ဥပမာ ဆေးအမှတ်(၂၅)

မတဲမြင့်မိုရ်ကျွန်း



# ဆေးပုံအမှတ် (၂၅) (မတဲမြင့်မိုရ်ကုန်းဆေး)

| | | |
|---|---|---|
| (၁) ဇာတိပ္ဖုလ်သီး | ၁ကျပ်သား | |
| (၂) လေးညှင်း | ၁ကျပ်သား | |
| (၃) စမုံနက် | ၁ကျပ်သား | |
| (၄) ပန်းနု | ၁ကျပ်သား | |
| (၅) ပန်းမ | ၁ကျပ်သား | အရန်ဆေးမယ်များ |
| (၆) စူလာနဖာ | ၁ကျပ်သား | အလေးချိန် |
| (၇) ကတ္တရသခဲ်ျ | ၁ကျပ်သား | (၁၂)ကျပ်သား |
| (၈) ဆောင်းမေခါး | ၁ကျပ်သား | |
| (၉) ကွက္ကရာ | ၁ကျပ်သား | |
| (၁၀)တြိကဋုက် ၃ပါး(၁ကျပ်သားစီ) | ၃ကျပ် | |
| (၁၁) သိန္ဓော | | ၁၆ (၁၀)ကျပ်သား |
| စုစုပေါင်းဆေးချိန် | | ၂၈ (၂၂)ကျပ်သာ |

# ဆေးဖုံ့အမှတ်(၂၅) မတဲမြင့်မို့ရ်ကုန်း မှုရင်းကျမ်းတွင်


ဓါတုဝိနိစ္ဆယျရူပကဏ္ဍဆေးကျမ်းစာမျက်နှာ(၂၁၇-၂၁၈) တွင် -
အချမ်းအပူပြိုင်၍ဘောက်ပြန်သည်။
ရှေးဆိုပြီးသောတေဇောဓါတ်၏။ သန္တပ္ပနလက္ခဏာကို။
ပေးရာသောဆေးကား။ ။ မတဲမြင်းမို့ရ်ကုန်း။ ဆရာသုံးသည်။
နည်းထုံးဘေသစ်။ နောင်သုံရစ်ဘိ။ တြိကတုပ်သုံးဖြာ။
ကွက္ကရာဆောင်းမေး။ လေးညှင်းဇာဒိပ်ဖို။ ထိုပြင်ပမ္မ။ပန္နုစသည်။
ကတရသချော်။ ထည့်ပေစမုံနက်။ မြက်စူလာနဖါ။ ဆေးဒွါဒသီ။
တမတ်စီကို။ မျှညီထားလတ်။လေးကျပ်သိန္ဓော၊ရောနှောစီမံ
လေးတန်ဓါတ်ချက်။ ရှိတုံလစ်မူ။ညီတူမပျက်။ ရမ်းစိမ်းစက်၍။
ထည့်စွက်သမ္ဗရာ။တိုက်ပါမမှား။ ဝမ်းမသွားသော်။တော်အောင်
မာန်ကျည်း။ရည်ဆောင်ပေးလော။

# (ခ) အလေးချိန်တဝက်သာကဲခြင်း

ဆေးဖုံအမှတ်(၂၁)ဆီးဆေးဖြူဆေးနည်း

ဆေးဖုံအမှတ်(၂၇) ပြည်လုံးချမ်းသာဆေး

ဆေးဖုံအမှတ်(၁၄) ဒေဝဩသဓဆေး



# ဆေးဖို့အမှတ်(၂၁)ဆီးဆေးဖြူဆေးနည်း

- ၁။ ပင်လယ်ရေမြုပ် ၈ ပဲသား
- ၂။ ရေညှိ ၈ ပဲသား
- ၃။ ကြွေပုပ် ၈ ပဲသား
- ၄။ လိပ်ကျောက်ဆူး ၈ ပဲသား
- ၅။ နံ့သာဖြူ ၈ ပဲသား
- ၆။ နံ့သာနီ ၈ ပဲသား
- ၇။ အလိုကျူ ၈ ပဲသား
- ၈။ ကံ့ကူဆန် ၈ ပဲသား
- ၉။ ယမ်းစိမ်း ၈ ပဲသား
- ၁၀။ လက်ချား ၈ ပဲသား
- ၁၁။ ဇဝက်သာ ၈ ပဲသား
- ၁၂။ ဖြူဆူးပြာ ၈ ပဲသား
- ၁၃။ ကျောက်ချဉ် ၈ ပဲသား
- ၁၄။ ကျောက်စက် ၈ ပဲသား

အရန်ဆေးမယ် (၁၄)မျိုး အလေးချိန် (၇)ကျပ်

၁၄။ ပန်းဥ ၃ ကျပ် ၈ ပဲသား (အလေးချိန်တဝက် ကဲသောဆေးမယ်)

၁၅။ မြေဖြူ ၇ ကျပ် (အလေးချိန်တူကဲ သောဆေးမယ်)

# ဆေးဖို့အမှတ်(၂၁) ဆီးဆေးဖြူ မှူရင်းကျမ်းတွင်

ဓါတုဝိနိစ္ဆယဗျူရူပကဏ္ဍဆေးကျမ်းစာမျက်နှာ(၂၁၇) တွင် -
တကြောင်းမှတ်ဖွယ်၊ နည်းတသွယ်ကါး။ ။ပင်လယ်ရေကြွေစနှင့်၊
နံ့သာကနီဖြူ လိပ်ကျောက်ဆူးအလိုကြူမှာ။ ရန်းကန့်ကူလကျွား၊
ဝါသနမြစ်ဆို။ကျော်ချဉ်ကိုထဥ့်တော့မမှား။
ကျောက်စက်နှင့်ဇဝက်သာမူ။ ဦးရည်တူထင်ရှား။ ဆေး ၁၃ ပါးမှာ။
ငါးမူးစီ မှန်မှန်ပန်းဥကိုနော်တွဲ။ သုံးကျပ်ခွဲထဥ့်တော့တဘန်။
စုဒ္ဒသစုန္နံမှါ။ မြန်မြေဖြူသတ္တာ။ ၁၇ိကျထောင်း ချေမှုညက်သော်။
ပန္နရသဆေးကျော်။ အာနုဘော်ထင်ရှား။ ရိညေါင်း စုဒူလါမှ်ါ။
ဖယ်ရှောင်ခွါပွဲရအများ။

ဘန်ဘူးထွန်သွင်းထား။ သုံးစါးရင်ဇကန်။ နံနက်နှင့် ညပြန်ကို။
လုံးသဏ္ဍာန်ဇီကင်း။ ဧးကြေကြည်မြို့သွင်းက။ ဆီးမ ကင်းအောင့်သူ။
အပုန္နာဂါဝိတိုက်က။ လှွတ်လိုက်သ့်မိုးရေအတူ မုတ္တာကပ်စွဲသူ။
ကြင်ပူပူ ကျောက်ဆီး။ ဆန်ဆေးရေရှဉ်မှီးက။ မဂ်ခရီးဖြောင့်မှန်။
ပျားရေတွင်နယ် စားတော့။ ပွါးရာဂမျှားလိမ့် ဇကန်။
ဣတ္ထိယသဏ္ဍာန်မှာ။ စည်းစိမ်ခံလွန် ကြူးတဲ့ဆေး။ ။ ဟူ၍စပ်သော။
လင်္ကာဆေးသားတွင်။ သီတတေဇော။ လွန်သောလက္ခဏာဖြစ်၍။
အပူဥဏှာငြိမ်းရသည်မှန်လေ။ ယခုပြသော။ သီတဥဏှာတို့မှာ။
သက်သက်အပူအဇကိုဆိုသည်။

# ဆေးဖုံ့အမှတ်(၂၇) ပြည်လုံးချမ်းသာဆေး

- ၁။ သင်းဝင်ပေါက်ဖြူမြစ် ၁ ကျပ်သား
- ၂။ ကြောင်လျှာခေါက် ၁ ကျပ်သား
- ၃။ လက်ထုတ်ကြီးမြစ် ၁ ကျပ်သား
- ၄။ ခပေါင်းရေကြည်မြစ် ၁ ကျပ်သား
- ၅။ ကန့်ချုပ်နီ ၁ ကျပ်သား
- ၆။ ဖွားဘက်ကြီး ၁ ကျပ်သား
- ၇။ မဏိသြဃ ၁ ကျပ်သား
- ၈။ ခွေးတောက်မြစ် ၁ ကျပ်သား
- ၉။ ကတ်မ ၁ ကျပ်သား
- ၁၀။ ခပေါင်းကြီးမြစ် ၁ ကျပ်သား
- ၁၁။ တပဆေး ၁ ကျပ်သား
- ၁၂။ ဆေးပုလဲ ၁ ကျပ်သား
- ၁၃။ သက်ရင်းကြီးမြစ် ၁ ကျပ်သား
- ၁၄။ စေးမခန်း ၁ ကျပ်သား
- ၁၅။ ငပြေရင် ၁ ကျပ်သား

ဆေးမယ် (၁၅) မျိုးတို့၏အလေးချိန် (၁၅) ကျပ်

ဆင်တုန်းမနွယ်၏အလေးချိန် = ဆေးမယ် (၁၅) မျိုးတို့၏အလေးချိန်တဝက်

၁၆။ ဆင်တုန်းမနွယ် - ၇ ကျပ် ၈ ပဲသား

စုစုပေါင်းဆေးအလေးချိန် ၂၂ ကျပ်သား ၈ပဲ

ဆင်တုန်းမနွယ်၏ အလေးချိန်

သုံးပုံတစ်ပုံ ပါရှိပါသည်။





# ဆေးဖုံ့အမှတ်(၁၄) ဓာတ်သွင်းဆေး

ရှေ့ဆေးမယ် (၂၆)မျိုး အလေးချိန် ၆ကျပ်

- ကဲသောဆေးမယ် ဒန္တကူးနီအလေးချိန် ၃ကျပ်

# (ယ) ကလာပ်နည်းကိုအခြေခံ၍ အလေးချိန်ဆတိုး တဆင့်စီကဲခြင်း



## (ဃ) ကလာပ်နည်းကိုအခြေခံ၍အလေးချိန်ဆတိုး တဆင့်စီကဲခြင်း

တို့ကိုတွေ့ရှိသောဆေးနည်းများမှာ

ဆေးဖုံအမှတ်(၃၃) လေပုတ်ထုတ်ဆေးနည်း

ဆေးဖုံအမှတ်(၂၄) (နဂရာလေးညှင်းကလာပ်ဆေး)

# ဆေးဖုံ့အမှတ်(၃၃)လေပူ့တ်ထူ့တ်ဆေးနည်း

| | | |
|---|---|---|
| • (၁)ဇာသီး | ၅ကျပ် | |
| • (၂)စရို | ၅ကျပ် | |
| • (၃)စမုန်နက် | ၅ကျပ် | ၃၀ ကျပ် |
| • (၄)ကြစု | ၅ကျပ် | |
| • (၅)ပိတ်ချင်းသီး | ၅ကျပ် | |
| • (၆)သိန္ဓော | ၅ကျပ် | |

• (၇)နွယ်ချို (ပထမကဲဆေးမယ်) ၃၀ ကျပ်

(၈)ကြက်သွန်ဖြူ (အကဲဆုံးဆေးမယ်) ၆၀ ကျပ် +



စုစုပေါင်းအလေးချိန် ၁၂၀ကျပ်

ကလာပ်ဆေးနည်းကိုအခြေခံ၍ဆတိုးနည်းစနစ်ကိုဆေးဖုံအမှတ် (၂၄)နဂရာ(လေးညှင်းကလာပ်ဆေး)တွင်ထပ်မံသုံးစွဲထားပါသည်။

## ဆေးဖုံ့အမှတ်(၂၄)နဂရာ(လေးညှင်းကလာပ်)ဆေးနည်း

(၁) သဘော်ချင်းခြောက် ၁ ကျပ်
(၂) ငရုတ်ကောင်း ၁ ကျပ်
(၃) ပိတ်ချင်းသီး ၁ ကျပ်
(၄) စမုန်မျိုး (၅)ပါး
( ၁ ကျပ်စီ) ၅ ကျပ်
(၅) ဆေးပုလဲ ၁ ကျပ်
(၆) ပညာလက်ာ ၁ ကျပ်
(၇) ကန့်ချုပ်နီ ၁ ကျပ်

ပေါင်း ၁၁ ကျပ်

(၈) ကြံစု → ၁၁ ကျပ် ဆတူကဲ

ပေါင်း ၁၁ ကျပ်

(၈) ကြစု ၁၁ ကျပ်

ဆတိုးကဲ

(၉) ဇာတိပ္ဖိုလ်ပွင့် ၂၂ ကျပ်

ဆတိုးကဲ

(၁၀) ဇာတိပ္ဖိုလ်သီး ၄၄ ကျပ်

ဆတိုးကဲ

(၁၁) လေးညှင်း ၈၈ ကျပ်

၁ ပိဿာ ၇၆ ကျပ်

\+

(၁၂) ကနကမာ ၆၀ ကျပ်

(၁၃) သိန္ဓော ၆၀ ကျပ်

(၁၄) ပန်းနု ၆၀ ကျပ်

၁ပိဿာ ၈၀ ကျပ်

စုစုပေါင်းဆေးဖုံအလေးချိန်

၃ပိဿာ ၅၆ ကျပ်

ဆေးဖွံ့အမှတ်(၂၄) နဂရာလေးညှင်းကလာပ်

မှူရင်းကျမ်းတွင် ရူပဝိနိစ္ဆယကုထုံးကျမ်း၊

ဆနဝုတိတိကိစ္စကကဏ္ဍစာမျက်နှာ(၂၆၅) တွင် -

ချောင်းဆိုးသလိပ်နာကိုပေးရာသောဆေးနည်းကား. . . . .

စမုန်မျိုးငါးပါး။ တြိကဋုတ်သုံးပါး။ ဆေးပုလဲ။ ပညာလကာ်။

ကန့်ချုပ်နီ။ ၎င်းဆေးတဆဲ့တစ် တမတ်စီ။

ကြံဖုသီးနှစ်ကျပ်သုံးမတ်။ ဇာတိပ္ပိုလ်ပွင့် သုံးကျပ်။

ဇာတိပ္ပိုလ်သီး သုံးကျပ်သုံးမတ်တပဲ။

လေးညှင်းဆဲ့တကျပ်သုံးမတ်။ ကနုကမံ

ခုနစ်ကျပ်သုံးမတ်တပဲ။ သိန္ဓောခုနစ်ကျပ်သုံးမတ်တပဲ။

ပန်းနုခုနစ်ကျပ်သုံးမတ်တပဲ။

၎င်းဆေးတဆဲ့ရှစ်ပါးကိုအမှုန့်ပြု။နဂရာဆေးရင်းခေါ်။

၎င်းဆေးရင်းသည်သီတလွန်သောအနာကို
ပယ်နိုင်သည်။ ။ကွမ်းရွက် ကျပ်နှစ်ဆယ်။ဆားကျပ်နှစ်ဆယ်။
၎င်းနှစ်ပါးကို အိုးမှာထည့်။ စလောင်း ပိတ်။ ဇော်ဂျီရစ်။
မီးမှာနာနာဖုတ်၊၎င်းဆားမီးဖုတ်တဆယ်လျှင် နဂရာ
ဆေးရင်းလေးကျပ်ရောစပ်အမှုန့်ပြု။နဂရာသလိပ်ဆေးခေါ်၊
သလိပ်ခြောက် ချောင်းဆိုးနာကိုပေးလေ။

## ဆေးဖွံ့အမှတ်(၂၄) နဂရာလေးညှင်းကလာပ်
## ခံပူးဆရာတော်၏သက်စောင့်ကုထုံးကျမ်း စာမျက်နှာ(၂၄၆)
## နဂရာ၊ ခွဲဆေးတေးထပ်။

။ ငါးစမုံ တြိကတုတ်နှင့်၊ ကန့်ချုပ်ကတလီ၊ ဆေးပုလဲ ပညာမှီတယ်၊ တမတ်စီထည့်ထား။ နှစ်ကျပ်နှင့် သုံးမတ်ဆိုတယ်၊ ကြဇုကို ထည့်လိုက်ပါလား။ ။ငါးကျပ် ခွဲ ဇာတိပ္ပိုလ်၊ အပွင့်ကို ထည့်ငြား။ ။ ဆယ့်တစ်ကျပ် ဇာသီးများ မတော့၊ မမှားအောင်စွက်လေ။ ။ လေးညှင်းဆို ဗာဝီကျပ်မှာ၊ နောက်ထပ်၍လျှောက်စပ်ပါစေ။ ။ ကနုကမံ ပန္နုတွေဟာ၊ သိန္ဓောပါသုံးမျိုးပါဆေးမှာဖြင့်၊ ကျပ်ဆယ့်လေးခြောက်မူးစီ၊ပေါင်းရအညီ။ နဂရာခွဲဆေးခေါ်သည်၊နောင်အရှည် မှတ်ပါကြလေး။ ။(ကလေး သူငယ်များမှာ၊ခွဲကျပ်ခြင်း၊ဟိုက်ခြင်း၊မောခြင်းများကိုပေးလေ။

| | ရှုပဝိနိစ္ဆကုထုံးကျမ်း၊ မူရင်းကျမ်း(၄ဆ) | ခံဗူးကျမ်း (၄ဆ) | လက်ရှိဆေးနည်း |
|---|---|---|---|
| (၁) စမုန်မျိုး (၅)ပါး | ( ၁ ကျပ်စီ)၅ ကျပ် | (၁ကျပ်စီ)၅ ကျပ် | (၁ကျပ်စီ)၅ ကျပ် |
| (၂) သင်္ဘောချင်းခြောက် | ၁ ကျပ် | ၁ကျပ် | ၁ ကျပ် |
| (၃) ငရုတ်ကောင်း | ၁ ကျပ် | ၁ကျပ် | ၁ ကျပ် |
| (၄) ပိတ်ချင်းသီး | ၁ ကျပ် | ၁ကျပ် | ၁ ကျပ် |
| (၅) ဆေးပုလဲ | ၁ ကျပ် | ၁ကျပ် | ၁ ကျပ် |
| (၆) ပညာလင်္ကာ | ၁ ကျပ် | ၁ကျပ် | ၁ ကျပ် |
| (၇) ကန့်ချုပ်နီ | ၁ ကျပ် | ၁ကျပ် | ၁ ကျပ် |
| (၈) ကြစု | ၅၁ကျပ် | ၁၄ကျပ် | ၁၁ ကျပ် |
| (၉) ဇာတိပ္ဖိုလ်ပွင့် | ၁၂ကျပ် | ၂၂ကျပ် | ၂၂ ကျပ် |
| (၁၀) ဇာတိပ္ဖိုလ်သီး | ၁၃ ကျပ် | ၄၄ကျပ် | ၄၄ ကျပ် |
| (၁၁) လေးညှင်း | ၄၅ကျပ် | ၈၈ကျပ် | ၈၈ ကျပ် |
| (၁၂) ကနကမာ | ၃၂ကျပ် ၄ပဲ | ၅၈ကျပ်၆ပဲ | ၆၀ ကျပ် |
| (၁၃) သိန္ဓော | ၃၂ကျပ် ၄ပဲ | ၅၈ကျပ်၆ပဲ | ၆၀ ကျပ် |
| (၁၄) ပန်းနု | ၃၂ကျပ် ၄ပဲ | ၅၈ကျပ်၆ပဲ | ၆၀ ကျပ် |

အချို့ဆေးဖုံများတွင်အမျှစီစုနည်း၊ကလာပ်နည်း။ဆတိုးနည်း၊ ကျပ်တိုးနည်းတို့ကိုစုပေါင်းသုံးစွဲထားသည်။

## ဆေးဖုံ့အမှတ်(ဂ)သွေးဒူလာဆေးတွင်

အရန်ဆေးမယ်(၂၅)မျိုးအလေးချိန်ကိုကြစုအလေးချိန်ယူ၍ သိန္ဓောကိုကြစုအလေးချိန်၏(၂)ဆ၊ဇဝက်သာနှင့်စမုန်နက် အလေးချိန်ကိုသိန္ဓောအလေးချိန်ထက်(၂)ကျပ်တိုးပီးဆေးပိုးတီကို ဇဝက်သာ(သို့မဟုတ်)စမုန်နက်အလေးချိန်ထက်(၄)ကျပ်တိုးပြီး ဆေးနည်းကိုတည်ဆောက်ထားသည်။



## ဆေးဖုံ့အမှတ်(၈)သွေဒ္ဒလာဆေးနည်းတွင်ပါဝင်သော ဆေးမယ်များနှင့်အလေးချိန်အချိုးများ

| | | | |
|---|---|---|---|
| (၁) ဇာတိပ္ဖိုလ်သီး | ၂ပဲ | (၂) လေးညှင်း | ၂ပဲ |
| (၃) ပန်းနု | ၂ပဲ | (၄) ပန်းမ | ၂ပဲ |
| (၅) ကွက္ကရာ | ၂ပဲ | (၆) ဇီယာ | ၂ပဲ |
| (၇) ဆောင်းမေးခါး | ၂ပဲ | (၈) နွယ်ချို | ၂ပဲ |
| (၉) ကံကော်ဝတ်ဆံ | ၂ပဲ | (၁၀) သစ်ကြမ်းပိုး | ၂ပဲ |
| (၁၁) ဖာလာငယ် | ၂ပဲ | (၁၂) ဖာလာနဖိတ် | ၂ပဲ |
| (၁၃) ကရဝေးရွက် | ၂ ပဲသား | (၁၄) ကရဝေးသီး | ၂ ပဲသား |
| (၁၅) လက်ချား | ၂ပဲ | (၁၆) လင်းနေ | ၂ပဲ |
| (၁၇) ပတဲကောကြီး | ၂ပဲ | (၁၈) တြိကဋ္ဌုက်(၃)ပါး၂ပဲစီ | (၆)ပဲ |
| (၁၉) စမုန်မျိုး(၅)ပါး၂ပဲစီ | | | ၁၀ပဲ |

ဆေးမယ်(၂၅)မျိုးစုစုပေါင်းအလေးချိန် ၃ ကျပ် ၂ ပဲ

ဆေးမယ်(၂၅)မျိုးစုစုပေါင်းအလေးချိန်
၃ ကျပ် ၂ ပဲ

(၂၀) ကြံစု ၃ ကျပ် ၂ ပဲ
ဆေးမယ်(၂၅)မျိုးစုစုပေါင်းအလေးချိန်ဆတူ
(၂၁) သိန္ဓော ၆ ကျပ် ၄ ပဲ
(ကြံစု၏အလေးချိန် ၂ ဆ)
(၂၂) ဇဝက်သာ ၈ ကျပ် ၄ ပဲ
(သိန္ဓောအလေးချိန်ထက် ၂ ကျပ် တိုး)
(၂၃) စမုန်နက် ၈ ကျပ် ၄ ပဲ
(သိန္ဓောအလေးချိန်ထက် ၂ ကျပ် တိုး)
(၂၅) ဆေးပိုးတီ ၁၂ကျပ် ၄ ပဲ
( စမုန်နက်အလေးချိန်ထက် ၄ ကျပ် တိုး)

# ဆေးဖုံ့အမှတ်(ဂ)သွေးဒူလာဆေး မူရင်းကျမ်းတွင်

ဓါတုဝိနိစ္ဆယျရှုပကဏ္ဍဆေးကျမ်းစာမျက်နှာ(၂၂၄)
တွေ့ကြုံသမျှ၊ချမ်းသာရဘူးသော၊သလိပ်အပုတ်လေတို့
ဖြင့် စတ်၍ဖြစ်သောချောင်းဆိုးရင်ကျပ်နာ၊ပန်းနာ
ကြက်ညှာကစ၍သူငယ်အတော်ကြီးသည်တိုင်အောင်
မကြေမပျောက်လိုသောသလိပ်ပန်းနာ၊မီးယပ်ပန်း၊ဒူလာ
ပန်းတို့မှချမ်းသာရစေတတ်သောဆေးကိုပြဦးအံ့။
ဇာဒိပ္ပို လေးညှင်းပန္နု ပန်းမ ကွက္ကရာ ။
ဆောင်မေးခါး။ဇီယာနွယ်ချို ။ တြိကဋုက် (၃)ပါး။
စမုံမျိုးငါးပါး။ဂန့်ဂေါဝစ္ဆံ။သစ်ကျပိုး။ကရဝေးသီးရွက်။
ဖာလာ။စမြိတ်လက်ချား။လင်းနေပဒဲဂေါ။ဗင်းဆေး(၂၅)ပါး
ဘျစီ ၃ိဘျ။ အာလုံးအလေးကျဇုံ ၃ိဘျ။

အားလုံးအလေးသိန္ဓောဗိဲ

အားလုံးအလေးဆေးပိုးတီ ၁၂၅။


ဆေးပေါင်း ၂၅ိရသည်

ဇင်းဆေးကို၃ပုံပုံ

တပုံအလေးစမုန်နက် ၈ိဲ

တပုံအလေးဇဝက်သာ ၈ိဲ

ဆေးပေါင်း၄၁ိ၅။ရ၏



ဇင်းဆေးမှုန့်ကိုရှောက်၊သမ္ဘာရာရေမကျည်းမှည့်ရေ ရေနွေးရေဇဆင်ခြင်၍အနာနှင့်တော်အောင်ကြည့်ရှုပေး ရမည်။လေနာရင်နာ။ခြောင်းကပ်။သလိပ်ကပ်။ဖက်သကပ် မီးယပ်ပန်မီးယပ်ချောက်။အစာမဝင်ကြုလှိသူတို့ကိုပေးလေ

# ဆေးဖို့အမှတ်(၁၅)အပူနိုင်သည်းခြေဆေးနည်း

| | | | |
|---|---|---|---|
| (၁) မြတ်လေးပွင့် | ၄ ပဲ | (၁၃) ကြာမျိုး(၅)ပါးဝတ်ဆံ | ၄ ပဲ |
| (၂) ရင်ကပ်ပွင့် | ၄ ပဲ | (၁၄) ပဲနံ့သာစေ့ | ၄ ပဲ |
| (၃) သရဖီပွင့် | ၄ ပဲ | (၁၅) သီလာစန္ဒန | ၄ ပဲ |
| (၄) ကံ့ကော်ပွင့် | ၄ ပဲ | (၁၆) ပန်းရင်း | ၄ ပဲ |
| (၅) ချယားပွင့် | ၄ ပဲ | (၁၇) ပဲဆိမ့်နီ | ၄ ပဲ |
| (၆) စံပယ်ပွင့် | ၄ ပဲ | (၁၈) သစ်ကြံပိုး | ၄ ပဲ |
| (၇) တရုတ်စကားပွင့် | ၄ ပဲ | (၁၉) လေးညှင်း | ၄ ပဲ |
| (၈) သဇင်ပန်းပွင့် | ၄ ပဲ | (၂၀) ကြို့သွေး | ၄ ပဲ |
| (၉) ပန်းနု | ၄ ပဲ | (၂၁) အကျော် | ၄ ပဲ |
| (၁၀) ပန်းမ | ၄ ပဲ | (၂၂) စမွှါ | ၄ ပဲ |
| (၁၁) ကွမ်းစားဂမုန်း | ၄ ပဲ | (၂၃) ကရမက် | ၄ ပဲ |
| (၁၂) ကန့်ဘလူဥ | ၄ ပဲ | (၂၄)ရွှေဆိုင်း | |

၅ ကျပ် ၁၂ ပဲ

+

၃ ချပ်

(၂၅) နံ့သာနီ ၆ ကျပ် ၄ ပဲ

ဆတိုးကဲ

+

(၂၆) နွယ်ချို ၁၂ ကျပ် ၈ ပဲ

ဆေးအလေးချိန်စုစုပေါင်း ၂၅ ကျပ်သား ဂပဲတွင်
နံ့သာနီကိုဆေးဖုံ၏(၄)ပုံ(၁)ပုံခန့်နှင့်
နွယ်ချိုကိုဆေးဖုံအလေးချိန်၏တဝက်ခန့်ထည့်သွင်း
ဖေါ်စပ်ထားသည်။

# ဆေးပုံအမှတ်(၁)  သေမှပုတိကဆေး

မူရင်းကျမ်းတွင် ရူပဝိနိစ္ဆကုထုံးကျမ်း၊
ဆနဝုတိတိကိစ္စကကဏ္ဍစာမျက်နှာ(၂၆၄) တွင်
ချောင်းဆိုး၊ သလိပ်နာကို ပေးရာသောဆေးနည်းကား
စမုံမျိုးငါးပါး တစ်ပဲစီ၊ ငရုတ်ကောင်း တစ်မတ်၊ပိတ်ချင်းသီး ငါးမူး၊
ချင်းခြောက်တစ်ကျပ်၊ ဇာလာငယ် နှစ်ကျပ်၊ ဖာလာကြီး လေးကျပ်၊
ကျောက်ချဥ် ရှစ်ကျပ်၊ ဇဝက်သာ ကိုးကျပ်၊ မက်လင်ချဥ် ကျပ်တစ်
ဆယ်၊ သိန္ဓောတစ်ဆယ့်ခြောက်ကျပ်၊ ဂုင်းဆေးတဲ့ လေးပါးကို
အမှုန့်ပြု၊ သေမှပုတိကခေါ် သလိပ်ခြောက် -  ချောင်းဆိုးကိုပေး။

မူရင်းကျမ်းလာဆေးနည်း

| | | |
|---|---|---|
| (၁) | စမုံမျိုးငါးပါးတစ်ပဲစီ | ၅ပဲသား |
| (၂) | ငရုတ်ကောင်း | ၄ပဲသား |
| (၃) | ပိတ်ချင်းသီး | ၈ပဲသား |
| (၄) | ချင်းခြောက် | ၁ကျပ်သား |
| (၅) | ဖာလာငယ် | ၂ကျပ်သား |
| (၆) | ဖာလာကြီး | ၄ကျပ်သား |
| (၇) | ကျောက်ချဉ် | ၈ကျပ်သား |
| (၈) | ဇဝက်သာ | ၉ကျပ်သား |
| (၉) | မက်လင်ချဉ် | ၁၀ကျပ်သား |

သိန္ဓောမပါမှီအလေးချိန်၃၅ကျပ်၁ပဲ

| | | |
|---|---|---|
| (၁၀) | သိန္ဓော | ၁၆ကျပ်သား |
| | စုစုပေါင်းဆေးချိန် | ၅၁ကျပ်သား ၁ပဲ |

## ဆေးဖုံအမှတ်(၂၉)သဗ္ဗဇေယျဆေးစပ်ကြီးဆေးနည်းတွင်ပါဝင်သော ဆေးမယ်များနှင့်အလေးချိန်အချိုးတွေ့ရှိချက်များ

| | | | |
|---|---|---|---|
| (၁) | တြိကဋုက်(၃) ပါး( ၄ ပဲသားစီ) | ၁၂ ပဲသား | |
| (၂) | စမုန်မျိုး (၅) ပါး ( ၄ ပဲသားစီ) | ၁ ကျပ် ၄ ပဲသား | |
| (၃) | ဖာလာ | ၄ ပဲသား | |
| (၄) | လေးညှင်း | ၄ ပဲသား | |
| (၅) | လက်ချား | ၄ ပဲသား | |
| (၆) | ပိတ်ချင်းမြစ် | ၄ ပဲသား | အရန်ဆေးမယ်တို့၏အလေးချိန် |
| (၇) | ကြစု | ၄ ပဲသား | ၄ ကျပ် ၈ ပဲသား |
| (၈) | သစ်ကြမ်းပိုး | ၄ ပဲသား | |
| (၉) | ဇာတိပ္ဖိုလ်သီး | ၄ ပဲသား | |
| (၁၀) | ဇာတိပ္ဖိုလ်ပွင့် | ၄ ပဲသား | |
| (၁၁) | ကရဝေးရွက် | ၄ ပဲသား | |
| (၁၂) | ကရဝေးသီး | ၄ ပဲသား | |
| (၁၃) | ပထမကဲသောပရုပ်၏အလေးချိန် | | ၄ ကျပ် ၄ ပဲသား |
| (၁၄) | ဒုတိယကဲသောငရုတ်ကောင်းအလေးချိန် | | ၁၃ ကျပ် |

(ငရုတ်ကောင်းမပါဝင်မီရှေ့ဆေးမယ်အမျိုးပေါင်း × ၁ ကျပ် )

အရန်ဆေးမယ်တို့၏အလေးချိန် ၄ ကျပ် ၈ ပဲသား

(၁၃) ပထမကဲသောပရုပ်၏အလေးချိန် ၄ ကျပ် ၄ ပဲသား

(၁၄) ဒုတိယကဲသောငရုတ်ကောင်းအလေးချိန် ၁၃ ကျပ်

(ငရုတ်ကောင်းမပါဝင်မီရှေ့ဆေးမယ်အမျိုးပေါင်း × ၁ ကျပ် )

(၄)ကျပ်တိုးကဲ

(၁၅) တတိယကဲသောပိတ်ချင်းသီး၏အလေးချိန် ၁၇ ကျပ်

( ငရုတ်ကောင်းအလေးချိန်ထက် ၄ ကျပ်သားပိုထည့်)

(၄)ဆတိုးကဲ

(၁၆) အကဲဆုံးချင်းခြောက်အလေးချိန် ၆၈ ကျပ်

စုစုပေါင်းအလေးချိန် ၁ပိဿာ ၆ ကျပ် ၁၂ ပဲသား

# (၄) အလေးချိန်ဆတိုးမဟုတ်ဘဲ တဆင့်စီတိုးသောဆေးနည်း



တိုင်းရင်းဆေးနည်းကျော်များတွင်အဆင့်ဆင့်တဖြည်းဖြည်းအလေးချိန်တိုးသောနည်းစနစ်ဖြင့်ဆေးအလေးချိန်ကိုထည့်ဝင်သောနည်းစနစ်ကိုတွေ့ရှိရပါသည်။

## ဆေးဖုံ့အမှတ်(၄၀)ကျပ်တိုးဆေးဖုံ့တွင်


| | | |
|---|---|---|
| (၁) | ဆီမီးတောက် | ၁ ကျပ် |
| (၂) | နနွင်းတက် | ၂ ကျပ် |
| (၃) | သိန္ဓော | ၃ ကျပ် |
| (၄) | ပရှပ် | ၄ ကျပ် |
| (၅) | ပတဲကော | ၅ ကျပ် |
| (၆) | ရင်းပြား | ၆ ကျပ် |
| (၇) | ကန့်ချုပ်နီ | ၇ ကျပ် |
| (၈) | ချင်းခြောက် | ၈ ကျပ် |
| (၉) | ဆေးပုလဲ | ၉ ကျပ် |
| (၁၀) | ပိတ်ချင်းသီး | ၁၀ကျပ် |
| (၁၁) | ငရုတ်ကောင်း | ၁၁ကျပ် |
| (၁၂) | လေးညှင်း | ၁၂ကျပ် |
| (၁၃) | ဖာသီး | ၁၃ကျပ် |



ပထမအယူအဆမှာမူလစ၍တည်သောဆေးမယ်အလေးချိန်ကိုအခြေခံပြီးပါဝင်သောဆေးမယ်အားလုံးကို(၁)ကျပ်စီတိုးသောစနစ်ဖြစ်သည်ကဲလိုသောဆေးမယ်ကိုအလေးချိန်အများဆုံးထားသောနည်းစနစ်ဖြစ်နိုင်ပါသည်။

ဒုတိယအယူအဆမှာကဲလိုသောဆေးအလေးချိန်ကိုပါဝင်သောဆေးမယ်အရေအတွက်ကို အခြေခံ၍အလေးချိန်သတ်မှတ်ပြီးတမယ်ခြင်းတမယ်ခြင်းအလေးချိန်လျော့ကာအန္တရာယ်အရှိဆုံး၊အဆိပ်အတောက် ဖြစ်စေသောဆေးမယ်ကိုအလေးချိန်အနည်းဆုံးထားခြင်းလည်းဖြစ်နိုင်သည်။

| | |
|---|---|
| (၁) ဇာသီး | ၁၃ကျပ် |
| (၂) လေးညှင်း | ၁၂ကျပ် |
| (၃) ငရုတ်ကောင်း | ၁၁ကျပ် |
| (၄) ပိတ်ချင်းသီး | ၁၀ကျပ် |
| (၅) ဆေးပုလဲ | ၉ ကျပ် |
| (၆) ချင်းခြောက် | ၈ ကျပ် |
| (၇) ကန့်ချုပ်နီ | ၇ ကျပ် |
| (၈) ရင်းပြား | ၆ ကျပ် |
| (၉) ပတဲကော | ၅ ကျပ် |
| (၁၀) ပရုပ် | ၄ ကျပ် |
| (၁၁) သိန္ဓော | ၃ ကျပ် |
| (၁၂) နနွင်းတက် | ၂ ကျပ် |
| (၁၃) ဆီမီးတောက် | ၁ ကျပ် |



(အဆိပ်အတောက်အဖြစ်စေဆုံးဆေးမယ်)

စုစုပေါင်းအလေးချိန် ၉၁ကျပ်

# (၅) ဆေးမယ်များအလေးချိန်အမျှစိစူ
# စနစ်ပြင့်ဆင်တူသော
# ဆေးနည်းတည်ဆောက်မှုများ

# ဆေးမယ်များအလေးချိန်အမျှစီစုစနစ်ဖြင့်ဆင်တူသောဆေးနည်းများ

## (၁) ဆားတဆယ့်တပါးဆေး (ဆေးဖုံ့အမှတ်-၃)

| | | | |
|---|---|---|---|
| ၁။ | ဇာတိပ္ဖိုလ်သီး | ၁ကျပ်သား၊ ၈ပဲသား | ၄ကျပ်သား၊ ၈ပဲသား |
| ၂။ | ချင်းခြောက် | ၁ကျပ်သား၊ ၈ပဲသား | |
| ၃။ | မဖောက်ထုံး | ၁ကျပ်သား၊ ၈ပဲသား | |
| ၄။ | ဇဝက်သာ | | ၄ကျပ်သား၊ ၈ပဲသား |
| ၅။ | ဆော်ဒါ | ၅ကျပ်သား | အေးသက် |
| ၆။ | သိန္ဓော | ၅ကျပ်သား | အေးသက် |
| ၇။ | ဆားပုပ် | ၅ကျပ်သား | အေးသက် |
| ၈။ | ဗင်္ဂလီဆားခါး | ၅ကျပ်သား | အေးသက် |
| ၉။ | ကျောက်ချဉ် | ၅ကျပ်သား | အေးပွင့် (မန္ဒ) |
| ၁၀။ | ယမ်းစိမ်း | ၇ကျပ်သား | အေးသက်ပွင့်(တိက္ခ) |
| ၁၁။ | စစ်ဆပ်ပြာ | ၇ကျပ်သား | အေးသက်ပွင့်(တိက္ခ) |
| | | -------------- | |
| | ဆေးချိန် | ၄၈ကျပ်သား | |

# ဆေးမယ်များအမျှစီစုစနစ်ဖြင့်ဆင်တူသောဆေးနည်းများ

## (၂)နွယ်ချိုကဲချောင်းဆိုးပျောက်ဆေး (ဆေးဖုံ့အမှတ်–၇)

| | | ဌာနသုံးဆေးနည်း(၁၉၉၀) | စံညွှန်းကုထုံး |
|---|---|---|---|
| ၁။ | စမုံမျိုး(၅)ပါး(၈ပဲစီ) | ၂ကျပ်၈ပဲ | (၈ပဲစီ) ၂ကျပ် ၈ပဲ |
| ၂။ | နံ့သာဖြူ | ၈ပဲ | ၈ပဲ |
| ၃။ | ကွမ်းစားဂမုန်း | ၈ပဲ | ၈ပဲ |
| ၄။ | လက်ချားမီးဖောက် | ၁၀ကျပ် (၁ကျပ်) | ၁ကျပ် |
| ၅။ | ဇဝက်သာ | ၁၀ကျပ် | ၅ကျပ် |
| ၆။ | သိန္ဓော | ၁၀ကျပ် | ၅ကျပ် |
| ၇။ | နွယ်ချို | ၁၀ကျပ် | ၁၀ကျပ် |

## ဆေးမယ်များအမျှစီစုစနစ်ဖြင့်ဆင်တူသောဆေးနည်းများ

## (၃) အပူငြိမ်းသွေးဆေး (ဆေးပုံ့အမှတ်-၁၆)

| | |
|---|---|
| ၁။ ဇာတိပ္ဖိုလ်သီး အစ ကြံ့သွေးအဆုံးဆေးမယ် (၁၃)မျိုး ၈ပဲစီ | |
| အလေးချိန် | ၆ကျပ် ၈ပဲ |
| ၂။ဒန္တကူးနီ | ၄ကျပ် ၈ပဲ |
| ၃။နံ့သာဖြူ | ၄ကျပ် ၈ပဲ |
| ၄။နံ့သာနီ | ၅ကျပ် |
| ၅။ နွယ်ချို | ၅ ကျပ် |
| ၆။ ကံ့ကော်ဝတ်ဆံ | ၅ ကျပ် |
| ၇။ သကြားကဲ | ၅ ကျပ် |

# ဆေးမယ်များအမျှစီစုစနစ်ဖြင့်ဆင်တူသောဆေးနည်းများ

## (၄) အကြောလိမ်းဆေး (ဆေးပုံ့အမှတ်-၅၁)

| | | | |
|---|---|---|---|
| ၁။ ငရုတ်ကောင်း | ၂ကျပ် ၈ ပဲ | | |
| ၂။ သစ်ကြမ်းပိုး | ၂ကျပ် ၈ ပဲ | | |
| ၃။မိဿလင်ဥ | ၂ကျပ် ၈ ပဲ | | |
| ၄။ ပရုပ် | ၂ ကျပ် ၈ ပဲ | | ၁၇ ကျပ် ၈ ပဲ |
| ၅။ ဖုံးမသိမ် | ၂ ကျပ် ၈ ပဲ | | |
| ၆။ လောပန် | ၂ ကျပ် ၈ ပဲ | | |
| ၇။ စစ်တုံမြစ် | ၂ ကျပ် ၈ ပဲ | | |
| ၈။ သံပုရာရည် | | ၁၀ ကျပ် | |
| ၉။ အရက် | | | ၁၇ကျပ် ၈ ပဲ |
| ၁၀။ မုန်ညင်းဆီ | | | ၁၇ ကျပ် ၈ ပဲ |
| ၁၁။ နှမ်းဆီ | | | ၁၇ ကျပ် ၈ ပဲ |
| | စုစုပေါင်း | | ၈၀ ကျပ် |

# (၅) ဆီးရွှင်ဝမ်းနုတ်ဆေး (ဆေးဖုံ့အမှတ်–၁၀)

| | | |
|---|---|---|
| ၁။ ဇာသီးအစ ကျောက်ချဉ်အဆုံးဆေးမယ်(၁၀)မျိုးရ ပဲစီ | | ၅ကျပ် |
| ၂။ လိပ်ကျောက်ဆူး၊ကြွေပုပ်၊ဆင်နှာမောင်း | ၁ကျပ်စီ | ၃ကျပ် |
| ၃။ အလိုကျူ | | ၁ကျပ် ၄ပဲ |
| ၄။ နွယ်ချို | | ၂ ကျပ် ၈ ပဲ |
| ၅။ ဆားပုတ် | | ၅ကျပ် |
| ၆။ ကြစု | ၁၂ကျပ် ၈ပဲ | |
| ၇။ မင်းကိုးကာ | ၁၂ကျပ် ၈ပဲ | |
| ၈။ ဇဝက်သာ | ၁၂ကျပ် ၈ပဲ | |
| ၉။ သိန္ဓော | ၁၅ကျပ် | |
| ၁၀။ပွေးကိုင်း | ၃၆ ကျပ် | |
| | စုစုပေါင်း၁ပိဿာ၂၃ ကျပ် | |

ဆေးမယ်များအမျှစီစုစနစ်ကို ပါဝင်သောဆေးမယ်၏အာနိသင်
အလိုက်သုံးစွဲထားသောဆေးနည်းဖြစ်ပါသည်။

# (၆) စကျွပ်ပါလဆေး (ဆေးပုံအမှတ်-၁၂)

၁။ ကရဝေးရွက်၊ဖာလာငယ်၊လက်ချားမီးဖေါက်၂ ပဲစီ ၆ပဲ

၂။ ချေးသီးအစ ကလောသီးအဆုံးဆေးမယ်(၆)မျိုး၄ပဲစီ ၂ကျပ်

၃။ စမုန်မျိုး(၅)ပါး ၄ပဲစီ ၁ကျပ် ၄ပဲ

၄။ ဘုမ္မရာဇာအစ

မဏိသြဂအဆုံးဆေးမယ် (၆)မျိုး၁ကျပ်စီ ၆ကျပ်

၅။ ပွေးကိုင်း ၁၅ကျပ်

၆။ ဆားလှော် ၁၅ကျပ်

၇။ ဆူးကောက်နက် ၂၀ကျပ်

စုစုပေါင်း ၅၉ကျပ်သား၁ပဲ

ဆေးမယ်များအမျှစီစုစနစ်ကိုပါဝင်သောဆေးမယ်၏အာနိသင်အလိုက်သုံးစွဲထားသောဆေးနည်းဖြစ်ပါသည်။

## ဆေးမယ်များအမျှစီစုစနစ်ဖြင့်ဆင်တူသောဆေးနည်းများ

## (၇) မျက်ကွင်းဆေး (ဆေးပုံအမှတ်–၅၃)

၁။ စပါးကြီးသည်းခြေ၊

မိကျောင်းသည်းခြေဆေးမယ် (၂)မျိုး ၄ပဲစီ

| | အလေးချိန် | ၈ပဲ |
|---|---|---|
| ၂။ခန်းတောက် | | ၁ကျပ် |
| ၃။ကြစု | | ၁ကျပ် ၈ပဲ |
| ၄။နနွင်းစိမ်း | | ၂ကျပ် |
| ၅။ မုတ် | | ၂ကျပ် |
| ၆။ ဘိန်း | | ၂ ကျပ် |
| | စုစုပေါင်းအလေးချိန် | ၉ကျပ် |

## ဆတိုးစနစ်၊ကလာပ်နည်းဆင်တူသောဆေးနည်းများ

## (၁)လေမျိုး(၈၀)ဆေး (ဆေးဖုံအမှတ်-၂)

| | | |
|---|---|---|
| ၁။ ဖာလာငယ် | | ၈ပဲ |
| ၂။ လေးညှင်း | | ၁၂ပဲ |
| ၃။ ကွက္ကရာ | | ၁၂ပဲ |
| ၄။ ပရုပ် | ၃ကျပ် | ၄ပဲ |
| ၅။ နွယ်ချို | ၅ကျပ်သား | ၈ပဲ |
| ၆။ ဆားပုပ် | ၆ကျပ်သား | ၄ပဲ |
| ၇။ ဇဝက်သာ | ၁၂ကျပ် | ၈ပဲ |
| ၈။သိန္ဓော | ၂၅ ကျပ် | |

ဆတိုးစနစ်

--------------------

ဆေးချိန် ၅၄ကျပ်သား၊ ၈ပဲသား

--------------------

# ဆတိုးစနစ်၊ကလာပ်နည်းဆင်တူသောဆေးနည်းများ

## (၂)ဝိတ္ထာမ္ဘိတဆေးဖြူ (ဆေးဖုံအမှတ်-၁၃)



၁။ ကျောက်မျိုးငါးပါး (၁ပဲသားစီ) ၅ပဲသား

၂။ ယမ်းစိမ်း ၁ကျပ်သား

၃။ လက်ချား ၁ကျပ်သား

၂ကျပ်သား

၄။ ကန့်ကူဆံ ၂ကျပ်သား

၅။ ကျောက်ချဉ် ၄ကျပ်သား + ၁၀ကျပ်သား

၆။ မက်လင်ချဉ် ၄ကျပ်သား

၇။ မြေဖြူ ၁၀ကျပ်သား ၁၀ကျပ်သား

--------------------

ဆေးချိန် ၂၂ကျပ်သား၊ ၅ပဲသား

--------------------

# ဆတိုးစနစ်ကြလာပ်နည်းဆင်တူသောဆေးနည်းများ
## (၃) မျက်စဉ်းဆေး (ဆေးဖွံ့အမှတ်-၅၄)

| | | |
|---|---|---|
| ၁။ လေးညှင်း | ၁ပဲ | ဆတိုးစနစ် ↓ |
| ၂။ ဒုတ္တာ | ၂ပဲ | |
| ၃။ ကွမ်းရွက် | ၄ပဲ | |
| ၄။ နနွင်းစိမ်း | ၈ပဲ | |
| ၅။ မန်ကျည်းရွက် | ၃ကျပ် | |
| ၆။ ကျောက်ချဉ် | ၃ကျပ် | |

---

စုစုပေါင်းဆေးချိန် ၆ကျပ်သား ၁၅ပဲ

---

# (၆) လွန်ကဲသော အလေးချိန်အချိုးများဖြင့် ဆေးနည်းတည်ဆောက်မှုများ

# (၁) ဆေးပုံအမှတ်(၄) ပန်းနာခွဲယှိုင်ဆေး

၁။စိန်နီမြင်းသွား ၁ကျပ်

၂။ကွမ်းရွက်စိမ်းသတ္တုရည် ၅ကျပ်

၃။ဆားရိုးရိုး ၁ပိဿာ

၄။သံပရာသီး အလုံး(၁၀၀)အရည်

ဝင်းဆေးတွင်စိန်ကိုအခိုးသတ်ရန်အမှုန့်ပြုပြီးကွမ်းရွက်စိမ်းသတ္တုရည်ကိုအသုံးပြုထားပါသည်။ဆားမှုန့်၁ပိဿာနှင့်သမအောင်မွှေပြီးနောက်သံပရာရည်လောင်းထည့်၍သမအောင်မွှေပြီးမီးနွေးနွေးဖြင့်ခန်းအောင်ချက်သောဆေးနည်းဖြစ်သည်

စိန်နီမြင်းသွားသည်အတိတိကျွဂုဏ်ရှိသောဆေးမယ်ဖြစ်ပါသည်။အလွန်ပူသဖြင့်စိန်တပဲ၊ချင်းတလှည်းဟုအဆိုရှိပါသည်။စိန်အန္တရာယ်ရှိမှုကိုကွမ်းရွက်စိမ်းရည်ဖြင့်လည်းကောင်း၊

ဆားအလေးချိန်အဆ၁၀၀၊သံပရာရည်အဆ(၁၀၀)ထည့်၍ ဆေးဖုံကိုဖေါ်စပ်ထားသည်။

## (၂) ဆေးပုံအမှတ်(၅)

## လေမျိုးဂဝဝမ်းနှုတ်ဆေးရည်

| | |
|---|---|
| ၁။ ဘင်္ဂလီဆားခါး | ၁ပိဿာ |
| ၂။ ကျောက်ချဉ် | ၂ကျပ် ၈ပဲ |
| ၃။ ယမ်းစိမ်း | ၂ကျပ် ၈ပဲ |

ဆေးအားလုံးအမှုန့်ပြုထားပြီးရေ၁ပိဿာ၅၀ကျပ်တွင် ဆေးမှုံ့အားလုံးကိုထည့်ကျိုပါ။ရေ၁ပိဿာကျန်သောအခါအအေးခံ၍ ပိတ်ပါးဖြင့်စစ်အသုံးပြုပါ။

မူရင်းဆေးနည်းကိုခံပူးဆရာတော်၏သက်စောင့်ကုထုံးဆေးကျမ်း
စာမျက်နှာ(၂၄၉)တွင်ပါရှိသောလေမျိုး-၈၀ဆေးဖြစ်သည်။

မူရင်းဆေးနည်းမှအလေးချိန်ကိုအဆပွားထားပါသည်။

လေမျိုး-၈၀။ ။ဗင်္ဂလီဆား ၈၀၊ကျောက်ချဉ်၂ကျပ်၊ယမ်းစိမ်း၂ကျပ်၊
ရေ၃ပိဿာ၊ဆူအောင်ကျို၊ဝင်းဆေးထဲ:တဝက်ခန်းအောင်ကျို၊
အဖေးခံ၍စစ်ယူ၊ဖျားခါစကြွေဇွန်းကြီး၃ဇွန်းတိုက်၊အလွန်ပျောက်
လွယ်၏၊လေနာလည်းကောင်း၏

ဝင်းဆေးတွင်ဘင်္ဂလီဆားခါးသည်အာသုဂုဏ်ရှိသော
ဆေးဖြစ်ပါသည်။အရန်ဆေးမယ်အလေး၅ကျပ်သား၏အဆ(၂၀)ကို
ကဲသောဆေးမယ်အလေးချိန်ပါဝင်ထည့်သွင်းထားသည်။

# (၃) ဆေးပုံအမှတ်(၂၆) အပုပ်ချအပူသက်ဆေး

| | |
|---|---|
| ၁။ ပရုတ်မွှေး | ၈ပဲ |
| ၂။ ပိန်းမဟော်ရာ | ၁ကျပ် |
| ၃။ လေးညှင်း | ၂ကျပ် ၈ပဲ |
| ၄။ ဇာတိပ္ဖိုလ် | ၂ကျပ် ၈ပဲ |
| ၅။ ရှိန်းခို | ၃ကျပ် |
| ၆။ ကတ္တရသချေ် | ၃ကျပ် ၈ပဲ |
| ၇။ ဖာလာ | ၄ကျပ် |
| ၈။ သိန္ဓော | ၄ကျပ် ၈ပဲ |
| ၉။ ကနခို(အခိုးသတ်) | ၄ကျပ် |
| ဆေးချိန် | ၂၅ကျပ် ၈ပဲ |

၎င်းဆေး၏အဓိကဆေးမယ်မှာအခိုးသတ်ကနခိုဖြစ်ပြီးအလေးချိန် ၄ ကျပ်သားထည့်ထားသည်။ကနခိုသည်ပြင်းထန်၍အဆိပ်အတောက်ဖြစ်စေပါသည်။

ကနခို၏ဝမ်းသွားမှုအာနိသင်ကိုညင်သာစေရန်လေသက်စေသောသိန္ဓော ၄ ကျပ် ၈ ပဲ၊ ရှိန်းခို ၃ ကျပ်တို့ဖြင့်အားဖြည့်ထားသည်။

ထို့အပြင်ဝမ်းမလျှောစေရန် ပိန်းမဟော်ရာ ၁ ကျပ်၊ လေးညှင်း ၂ ကျပ် ၈ ပဲ၊ ဇာသီး ၂ ကျပ် ၈ ပဲ၊ ကတ္တရသချော်၃ကျပ်၈ပဲ စုစုပေါင်း ၉ ကျပ် ၈ ပဲအလေးဖြင့်ထိန်းချုပ်ထားပါသည်။

ပရုပ် ၈ ပဲ ဖြင့်အနံ့ကောင်းစေရန်လည်းကောင်း၊အာကာသရစေရန်လည်းကောင်းဆေးနည်းကိုဖန်တီးထားပါသည်။

# ဆေးနွေးသုံးသပ်ချက်

(၁)ဆေးနည်းများကိုတည်ဆောက်ရာတွင်

(က) အမျှစီစုနည်း

(ခ) ကလာပ်နည်း

(ဂ) အလေးချိန်ဆတိုးနည်း

(ဃ) အလေးချိန်အဆင့်ဆင့်တိုးနည်းစနစ်များကိုသီးခြားစီလည်းကောင်းပေါင်းစပ်၍လည်းကောင်းသုံးစွဲကြသည်။

အထက်ပါနည်းစနစ်များကိုမသုံးဘဲဆေးမယ်များ၏အာနိသင်ထူးခြားမှုအလိုက်ဖေါ်စပ်သည်ကိုလည်းတွေ့ရှိရပါသည်။ဓာတ်ဆေးများပါဝင်ဖေါ်စပ်ထားသောဆေးနည်းများဖြစ်ပါသည်

(၂) ရှေးဆေးနည်းများကိုတည်ဆောက်မှုကိုလေ့လာရာတွင် အလေးချိန်ကြီးစဥ်ငယ်လိုက်ဖေါ်ပြထားသောဆေးနည်းကို သာမကကမူရင်းကျမ်းအဆို၊လင်္ကာများကိုဖွင့်ဆိုသိရှိရန် လိုအပ်ပါသည်။

သို့မှသာဆေးနည်းတည်ဆောက်မှုသဘော၊ဆေးမယ် များကဲသောရည်ရွယ်ချက်၊ဆေးမယ်အချင်းချင်းမဆန့်ကျင် သောအလေးချိန်အချိုး၊အသုံးပြုရန်ရည်ရွယ်ထားသော မူရင်းရောဂါအခြေအနေကိုအသေးစိတ်သိရှိနိုင်ပါသည်။

(၃) ဆေးမယ်တို့၏အပူ၊အအေးနှင့်တမယ်ခြင်းထူးခြားသော အာနိသင်များကိုလည်းတွက်ဆရန်လိုအပ်ပါသည်။

(၄) ယခုဆေးနည်းအများစုသည်ခေတ်မီသုတေသနနည်းဖြင့် စမ်းသပ်ရာတွင်ရှုတ်တရက်အဆိပ်သင့်မှုမတွေ့ရှိရပါ။

(၅) ဆေးဖုံအမှတ်(၄၈)ရင်အုပ်ဆေး

ဆေးဖုံအမှတ်(၄၉)ဖယောင်းချက်ရိုးရိုး

ဆေးဖုံအမှတ်(၅၀)အနာတင်ဖယောင်းချက်

ဆေးဖုံအမှတ်(၅၆)အနာကျက်ဆီ

ဆေးဖုံအမှတ်(၅၇)အနာကျက်ဆေးဝါရည်တို့မှာ

လိမ်းဆေးများ၊ပြင်ပအပေါ်ယံအရေပြားမှအသုံးပြုသောဆေး

နည်းများဖြစ်ပြီးတိက္ခဂုဏ်ရှိသောဆေးမယ်များနှင့်

ဓါတ်ဆေးများပါဝင်နေသဖြင့်တွက်ဆ၊ဆင်ခြင်နိုင်ခြင်း

မရှိသေးပါ

ဆက်လက်လေ့လာသုံးသပ်မည်ဖြစ်ကြောင်း

တင်ပြရင်းနိဂုံးချုပ်အပ်ပါသည်။

# ကျေးဇူး

# အထူးတင်ရှိပါသည်။

t"dkokwoD

OD;if;Ekf

'kygarmu©Xmer;S

wdkif;&if;aq;wuúokvf